THE REPUBLIC OF THE UNION OF MYANMAR
THE SUPREME COURT Of THE UNION

သတင်းထုတ်ပြန်ချက်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၀ ပြည့်နှစ် အဓိကဆောင်ရွက်မှုများနှင့် ၂၀၂၁ ခုနှစ် ဦးစားပေးလုပ်ငန်းစဉ်များထုတ်ပြန်

*နေပြည်တော်၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့* - တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) အရ ၂၀၂၀ ပြည့်နှစ်၏အဓိကဆောင်ရွက်မှုများနှင့် ၂၀၂၁ ခုနှစ်အတွက် ဦးစားပေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်လိုက်သည်။

## ၂၀၂၀ ပြည့်နှစ်၏ အဓိကဆောင်ရွက်မှုများ

- COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေအရ အမှုများရွှေ့ဆိုင်းချိန်းဆိုရသော်လည်း တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့်စုစုပေါင်းအမှုများ၏ ၉၂.၂ % ပြီးပြတ်အောင်ဆောင်ရွက်ခြင်း၊
- နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ခရိုင်တရားရုံး (၂၅) ရုံးနှင့် မြို့နယ်တရားရုံး (၁၀၉) ရုံးတွင် တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
- တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီး၊ ဒက္ခိဏခရိုင်အတွင်းရှိ မြို့နယ်တရားတရားရုံး (၆) ရုံးတွင် တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
- ခရိုင်တရားရုံး (၁၆) ရုံးတွင် အထူးသက်သေစစ်မေးခန်းများနှင့် ဗီဒီယိုဖြင့် စစ်ဆေးသည့် အထောက်အပံ့ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊
- လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေများကို ထုတ်ပြန်ခြင်း၊
- တရားမမှုများကို စေ့စပ်ဖြေရှင်းရေးအတွက် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းရေးဆွဲ တင်ပြခြင်း၊
- မြန်မာနိုင်ငံတရားစီရင်ထုံးများကို အချက်အလက်ဖြင့် ရှာဖွေသည့်စနစ် စတင်ဆောင်ရွက်ခြင်း၊

- ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုစီရင်ချက်များ Onlineမှထုတ်ပြန်ခြင်းစနစ် စတင်ဆောင်ရွက်ခြင်း၊
- နိုင်ငံခြားငွေကြေးဆိုင်ရာစီရင်ချက်များ အတည်ပြုရန်အတွက် လမ်းညွှန်မှုစာချွန်လွှာ"ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် စင်ကာပူတရားလွှတ်တော်ချုပ်တို့ လက်မှတ်ရေးထိုးခြင်း၊
- Coronavirus Disease 2019 (COVID-2019) ကာကွယ်၊ ထိန်းချုပ်နေသည့် ကာလအတွင်း ရာဇဝတ်မှုများ၊ ကလေးသူငယ်မှုခင်းတွင် နည်းပညာအသုံးပြုဆောင်ရွက်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း၊
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် Video Conferencingစနစ်ဖြင့် အယူခံ/ပြင်ဆင်မှုများ ကြားနာခြင်း၊ အမိန့်ချမှတ်ခြင်း၊ တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်း၊

## ၂၀၂၁ ခုနှစ် အတွက် ဦးစားပေးလုပ်ငန်းစဉ်များ

- မှုခင်းများကို ဥပဒေနှင့်အညီ တရားမျှတပြီး အချိန်မီထိရောက်စွာ ဖြေရှင်းပေးရေးအတွက် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ခရိုင်တရားရုံး (၂၂) ရုံးနှင့် မြို့နယ်တရားရုံး (၁၀၄) ရုံးတွင် တိုးချဲ့အကောင်အထည်ဖော်ရန်၊
- မှုခင်းစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုများကို စံသတ်မှတ်သည့်အချိန်ကာလအတွင်း ပြီးပြတ်ရေးနှင့် အမှုရွှေ့ဆိုင်းမှုနှုန်း လျော့ကျရေး ဆောင်ရွက်ရန်၊
- အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်မှုခင်းများ စစ်ဆေးစီရင်ရန် တရားရုံးအထူးဌာနခွဲများ တည်ထောင်ရန်၊
- တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ တရားရုံးများအားလုံးတွင် အကောင်အထည်ဖော်ရန်၊
- အထူးသက်သေစစ်မေးခန်းများနှင့် ဗီဒီယိုဖြင့် စစ်ဆေးသည့် အထောက်အပံ့ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်းဖြင့် သက်သေများကို အကာကွယ်ပေးရန်၊
- ကလေးသူငယ်တရားမျှတမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်၊

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၀ ပြည့်နှစ် ဆောင်ရွက်ချက်များကို ၂၀၂၀ ပြည့်နှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာနှင့် ၂၀၂၁ခုနှစ် လုပ်ငန်းအစီအစဉ်များကို တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း စတုတ္ထနှစ်အစီအစဉ် (၂၀၂၁) တို့တွင် ကြည့်ရှုနိုင်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နေပြည်တော်